ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ သောကြာနေ့၊ (12-8-2011) (ဖြေ၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက် အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၁

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ လွှတ်တော်ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများ၏ ထူးခြားချက်များနှင့် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းတို့က ပြန်ကြားရေးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် လွှတ်တော် အစည်းအဝေးများသို့ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ သတင်းထောက်များ လာရောက်သတင်းရယူရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းညွန့်က တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

အမှာစကား ပြောကြား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၁၂-၈-၂၀၁၁
(သောကြာနေ့)

ရေကြီးခြင်းဖြစ်စဉ် သတိယှဉ် ဆင်ခြင်ဆောင်ရွက်

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ချင်းတွင်းမြစ်ရေ၊ ပဲခူးမြစ်ရေနှင့် စစ်တောင်းမြစ်ရေများ တက်လျက်ရှိရာ မုံရွာ၊ ပဲခူးနှင့်တောင်ငူမြို့တို့၌ စိုးရိမ်ရေမှတ်များ၏အထက်တွင်ရောက်ရှိနေသည်။ သက်ဆိုင်ရာမြို့ရွာဒေသများ ရေဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတစ်ဝန်း၌ ယခုရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်တို့၌ တံတားနှင့်ကားလမ်းများ ပျက်စီးခြင်း၊ မြို့ရွာ/ရပ်ကွက်များ ရေဝင်ခြင်း၊ မြေပြိုကျခြင်းများဖြစ်ပွားခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ရေတက်မှုကြောင့် ပဲခူး၊ တောင်ငူ၊ ရွှေကျင်၊ ထန်းတပင်၊ သာယာဝတီ၊ သုံးဆယ်မြို့တို့၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ရေဘေးသင့်အိမ်ထောင်စုများအား တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက စားနပ်ရိက္ခာ၊ ထောက်ပံ့ငွေနှင့်သောက်သုံးရေများ ထောက်ပံ့ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မြို့ရွာ/ရပ်ကွက်များ ရေနစ်မြုပ်သည့်အခါ သတိပြုဆင်ခြင်လိုက်နာဖွယ် အချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ရေမကြီးမီ မိုးလေဝသသတင်းများကို ဂရုပြုနားထောင်ခြင်း၊ ရေဘေးလွတ်ကင်းနိုင်သည့် အဆောက်အအုံများ၊ ကုန်းမြင့်များကြိုတင်သတ်မှတ်ခြင်း၊ အရေးကြီးစာရွက်စာတမ်းများ ရေမစိုစေရန် ထုပ်ပိုးထားခြင်း၊ အဝတ်အစား၊ အစားအစာ၊ ဆေးဝါး၊ ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်စသည်များ ဆောင်ထားခြင်းနှင့် လှေ၊ ပဲ့ထောင်၊ မော်တော်စသည်များ ကြိုတင်စီစဉ်ခြင်းတို့ ပြုလုပ်ထားရပေမည်။

ထို့အတူ ရေကြီးနေစဉ် ခြောက်လက်မခန့်မြင့်သော ရေစီးသည်ပင်လူကို မှောပါစေနိုင်သဖြင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်၍ လမ်းလျှောက်ခြင်းမပြုရန် သတိပြုရမည်။ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ အန္တရာယ်ရှောင်ရှားခြင်း၊ လျှပ်စစ်မီးကြိုးမီးတိုင်များနှင့် ဝေးရာတွင်နေထိုင်ခြင်း၊ မြစ်ချောင်းကမ်းပါး မြေပြိုနိုင်သည့် နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရေကိုကျိုချက်သောက်သုံးခြင်းတို့သည်လည်း သတိပြုရမည့်အချက်များ ဖြစ်သည်။

ရေကြီးနစ်မြုပ်သည့်ဒေသများတွင် ရေကြီးပြီးနောက် တာဝန်ရှိသူများက အန္တရာယ်မရှိကြောင်း ကြေညာမှ အိမ်သို့ပြန်လာခြင်း၊ ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ ရေမြုပ်ထားသော လျှပ်စစ်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် စစ်ဆေးပြီးမှသုံးစွဲခြင်း၊ ရေကြီးထားသော လမ်း၊ တံတား၊ နေအိမ်များ အချိန်မရွေး ပြိုကျနိုင်သဖြင့် သတိပြုစစ်ဆေးခြင်းတို့ကိုလည်း အလေးထားလိုက်နာကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများအားလုံးက လက်တွဲညီညီ အစဉ်သတိပြုကာကွယ်မှုများ ပြုလုပ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ကော့ကရိတ်မြို့နယ် အထက(၁)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်သည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ကော့ကရိတ်ခရိုင် ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့်အတူ ကော့ကရိတ်မြို့ အထက(၁)၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်နေသော မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ထို့နောက် ကျောင်းသားမိဘများ၏ မေးမြန်းချက်များကို ဖြေကြားပြီး နေ့ချင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၀ ကို ကျောင်းအုပ်ဆရာကြီး ဦးစောရွှေကြည်ထံ ပေးအပ်ခဲ့သည်။

(အောက်ပုံ)(သတင်းစဉ်)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ ဟမ်းဆီးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ ကျင်းပ

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲ ဟမ်းဆီးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်ပညာရေးမှူး ဦးလှဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာ အထက်တန်းကျောင်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ အိမ်တွင်းမှု လက်မှုအတတ်ပညာသရုပ်ပြသမှု၊ မာတီမီဒီယာခန်းမ၊ စာကြည့်တိုက်ခန်းမနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးခွန်သိန်းမောင်က ကျောင်းအတွက် ဗလာစာအုပ်ဒါဇင် ၆၀ ပေးအပ်လှူဒါန်းကာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းဘာသာဖြင့် အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅	၁။	နိုင်ငံတော်သီချင်း
၇း၁၀	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၀၅	၃။	မျိုးချစ်တပ်မတော်
၄း၁၀	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မြန်မာစာ မြန်မာစကား (အပိုင်း-၉)
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀	၇။	ပညာပေးဇာတ်လမ်းတို
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅	၉။	အိုင်စီတီသုတ
၅း၁၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၁။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၂၃)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	“ရွာ”ဟာသဇာတ်လမ်းတွဲ -မေတ္တာခြုံလုံပါဖေ့ (ပေါ်လေး၊ ငွေမိုး၊ ရွှေအိုးနှင့်သရုပ်ဆောင်များ)
၆း၄၅	၁၅။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၄)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၃။	စိုက်ပျိုးသုတ
	၂၄။	သံစဉ်များနှင့်ကမ္ဘာ
	၂၅။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဖိုင်ကဏ္ဍ
	၂၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၂၉)**
	၂၈။	ကမ္ဘာတစ်ခွင်ခရီးစဉ်

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာစိုက်ထူ

ကရသူရိ ဩဂုတ် ၁၁

ကော့သောင်းခရိုင် ကရသူရိမြို့နယ်ခွဲ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို အဆိုပါရုံးရှေ့၌ ပြုလုပ်သည်။ အဆိုပါ စိုက်ထူပွဲသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုးမိုး၊ မြို့နယ်လျှပ်စစ်မှူး ဦးစိန်မြင့်နှင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ကြသည်။ စိုက်ထူပွဲအပြီးတွင် ပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

မော်လမြိုင် အထက(၂)သို့ ပညာရေးရန်ပုံငွေ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

မွန်ပြည်နယ် မော်လမြိုင် အထက(၂)ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်ဖွံ့ဖြိုးမှုအတွက် ရည်ရွယ်၍ တည်ထောင်ထားသော ဆရာဦးမြင့်သိန်း မိသားစုနှင့် အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပညာရေးရန်ပုံငွေအဖွဲ့သို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့် မိသားစုက အလှူငွေကျပ် ၁၀ သိန်း**(အပေါ်ပုံ)**နှင့် ငွေမိုးဟိုတယ်လုပ်ငန်းရှင် ဦးမိုးကျော်နှင့်ဇနီး ဒေါ်အေးအေးမွန်မိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို ဇူလိုင် ၃၀ ရက်က ပေးအပ်လှူဒါန်းရာ ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် ဇနီးတို့က လည်းကောင်း၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းချိုက လည်းကောင်း လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၆၁၀	၀. ၀၃၃၃၈
တရုတ် (ယွမ်)	၆. ၃၉၅၅၀	၀. ၁၅၆၃၆
အိန္ဒိယ (ရူပီး)	၄၅. ၃၆၀၀	၀. ၀၂၂၀၅
မလေးရှား (ရင်းဂစ်)	၂. ၉၉၆၅၀	၀. ၃၃၃၇၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၄၆၀	၀. ၈၂၃၃၂
ဂျပန် (ယန်း)	၇၆. ၇၄၈၂	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၀၈၃. ၉၄	၀. ၀၀၀၉၂
ယူရို	၀. ၇၀၃၈၃	၁. ၄၂၀၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၅၂	၁. ၆၁၉၃၉

အင်တာနက်။

✳ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆက်သွယ်ရေးလုပ်ငန်းများ၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေး စက်ခလုတ်ဆိုင်ရာ လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုံခြုံရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့က လွှတ်တော်ကိုယ်စားလှယ်များအား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးချုပ်ဇာနည်ဝင်းက သယ်ယူပို့ဆောင်ရေး၊ မော်တော်ယာဉ်များ သုံးစွဲရေးလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လွှတ်တော်အစည်းအဝေးကာလအတွင်း လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများသို့ သတင်းရယူလိုသော ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ သတင်းထောက်များ တက်ရောက်ရေးကိစ္စကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ် (I-1)၌ ပြည်သူ့လွှတ်တော်ကော်မတီ(၄)ရပ်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံရာသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ကော်မတီများမှ ကော်မတီဝင်များ၏ အရည်အသွေး မြင့်မားရေး၊ မကြာမီကျင်းပမည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကော်မတီအလိုက် ဆောင်ရွက်ရမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထို့နောက် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက လွှတ်တော်အစည်းအဝေးများတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မော်လမြိုင်မြို့ ကျောင်းဆောင်သစ်ဖွင့်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်ရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသက ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူး ဦးသောင်းမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Language Lab တွင် ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

ယခုဆောက်လုပ်ပြီးစီးခဲ့သည့် မဥ္ဇူသက ကျောင်းဆောင်သစ်သည် အလျားပေ ၉၀ × အနံ ၃၆ ပေနှင့် အမြင့် ၁၂ ပေရှိ RC တစ်ထပ်ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၂၆၁၈၇၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မုဒုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ ပိန္နဲတိုက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းဝင်း သန့်ရှင်းသာယာလှပရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အင်းစိန်လမ်းနေ ပန်းချီ ဦးကိုရွှေအောင်သိမ်းအား ရည်စူး၍ ရွှေမျိုးဆက်ပန်းချီပြပွဲ ပန်းချီဆရာများက စတီးခုတင်တစ်လုံးနှင့် Waiting Chair လေးလုံးတစ်စုံအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးတွင်းရေစင်မှ မီးဘေးလုံခြုံရေးအတွက် အမြင့်တင်ရေစင် ဆောက်လုပ်ထားရှိမှု အခြေအနေကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ပိုနေ

နေပြည်တော် ဩဂုတ် ၁၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၅	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၂	ကယားပြည်နယ်	၃၀	၂၁	နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်။	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၀	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၇	၂၂	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၅	နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်။	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်။	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၀	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်။	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်။	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၆	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီးမည်။	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၉	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၂	နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာမည်။	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၃	မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်း ရွာမည်။	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၆	နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။	၈၀%

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော် (တပ်ကုန်း)တွင် ၁ ဒသမ ၄၆ လက်မ၊ လောင်းလုံမြို့တွင် ၉ ဒသမ ၈၄ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၅၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၈၁ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ပုသိမ်မြို့နှင့် ချောင်းဆုံမြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီနှင့် ရွှေဘိုမြို့တွင် ၂ ဒသမ ၀၀ လက်မတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

(12-8)03.pmd 1 8/12/2011, 1:58 AM

ဘာလီကျွန်း ဗုံးခွဲတိုက်ခိုက်မှုအတွက် မသင်္ကာသူကို အင်ဒိုနီးရှားနိုင်ငံသို့ ပါကစ္စတန်လွှဲပြောင်းပေးအပ်

ဂျကာတာ ဩဂုတ် ၁၁

၂၀၀၂ခုနှစ်ကဖြစ်ပွားခဲ့သည့် ဘာလီကျွန်းဗုံးခွဲတိုက်ခိုက်မှုများအတွက် စီစဉ်ညွှန်ကြားခဲ့သူအဖြစ်မသင်္ကာသူတစ်ဦးကို ပါကစ္စတန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းသည် တရားဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားရဲချုပ် ဗိုလ်ချုပ်ကြီး တီမူးပရာဒိုပိုက ဩဂုတ် ၁၁ရက်တွင် ပြောကြားသည်။

လွှဲပြောင်းပေးခြင်းခံရသူ အူမာပီတက်သည် အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာသို့ ဩဂုတ် ၁၁ရက် နံနက်တွင် ရောက်ရှိလာခဲ့ကြောင်း၊ အရှေ့ဂျကာတာရှိ နယ်လှည့်ရဲတပ်ဖွဲ့ဌာနချုပ်အကျဉ်းစခန်းတွင် ၎င်းကိုထားရှိကြောင်း ရဲချုပ်က ပြောကြားသည်။

ပီတက်သည် လူသတ်မှုနှင့် ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်တွေ့ရှိမှုတို့ဖြင့် စွဲချက်တင်ခံရမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး အေဂျင်စီအကြီးအကဲ အမ်ဘေးက ပြောကြားသည်။ ပီတက်သည် ဂျမားအစ္စလာမ်ီးယားစစ်သွေးကြွ အုပ်စုအတွက် ဗုံးများပြုလုပ်ပေးခဲ့သူအဖြစ် စွပ်စွဲခံရသည်။ ၎င်းသည် ၂၀၀၂ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ညကပွဲရုံနှစ်ရုံ၌ အသေခံဗုံးဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ညွှန်ကြားခဲ့သူဟု သင်္ကာမကင်းခံရသည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဩစတြေးလျလူမျိုး ကမ္ဘာလှည့်ခရီးသည်အများစုအပါအဝင် လူပေါင်း ၂၀၂ဦး သေဆုံးခဲ့ရသည်။

ပီတက်သည် ၂၀၀၃ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ၎င်းကို ပါကစ္စတန်နိုင်ငံတွင် ဇန်နဝါရီလက ဖမ်းဆီးရမိခဲ့သည်။ ***ဆင်ဟွာ။***

၂၀၀၂ခုနှစ်က ဘာလီကျွန်းရှိ ညကပွဲရုံများ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

ရုရှားအရှေ့ဖျားဒေသ၌ အာကာသစခန်းတည်ဆောက်မည်

မော်စကို ဩဂုတ် ၁၁

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ ရူဘယ်ဘီလီယံ ၂၅၀ (အမေရိကန်ဒေါ်လာ ၈ဒသမ ၅ဘီလီယံ) အကုန်အကျခံကာ အာကာသစခန်းသစ်တည်ဆောက်ရန် အစိုးရက စီစဉ်လျက်ရှိကြောင်း ရုရှားနိုင်ငံ အာကာသအေဂျင်စီ အကြီးအကဲက ဒေသဆိုင်ရာသတင်းစာသို့ ဩဂုတ် ၁၁ရက်တွင် ပြောကြားသည်။

အာကာသစခန်းသစ်အတွက် အခြေခံအဆောက်အအုံ၊ ထိန်းချုပ်ရေးဌာနနှင့် ဒုံးပျံလွှတ်တင်ရေး အဆောက်အအုံများ တည်ဆောက်ရေးအပါအဝင် တည်ဆောက်ရေးလုပ်ငန်းအရပ်ရပ်အတွက် ဒီဇိုင်းပုံစံရေးဆွဲလျက်ရှိကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲ ဗလာဒီမာပိုပေါ့စကင်က ကွမ်မာဆန်နေ့စဉ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။ အဆိုပါစခန်းသည် ဗော့စကော့ချနီမြို့၌ တည်ရှိမည်ဖြစ်သည်။

ယင်းအာကာသစခန်းသစ်ကို ယခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ၂၀၁၅ခုနှစ်တွင် ပထမဆုံးသော ဒုံးပျံယာဉ်ကို လွှတ်တင်မည်ဖြစ်ပြီး ၂၀၁၈ခုနှစ်တွင် အာကာသယာဉ်မှူးလိုက်ပါသည့် အာကာသယာဉ်ကို ပထမဆုံးအကြိမ်လွှတ်တင်မည်ဖြစ်ကြောင်း ပိုပေါ့စကင်က ပြောကြားသည်။

ရုရှားနိုင်ငံ ပလဲဆက်အာကာသစခန်း၌ အာကာသဒုံးပျံယာဉ်ကို အင်ဂျင်နီယာများ ကြည့်ရှုစစ်ဆေးစဉ်။

ခြေလှမ်းတစ်လှမ်း

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ အာကာသစခန်းသစ် တည်ဆောက်ခြင်းသည် ရုရှားနိုင်ငံ အာကာသနည်းပညာ ဖွံ့ဖြိုးမှုအတွက် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း ရုရှားအစိုးရက အစောပိုင်းတွင် ပြောကြားခဲ့သည်။

လောလောဆယ်တွင် ရုရှားက အာကာသဒုံးပျံယာဉ်များ လွှတ်တင်ရန် ရုရှားအာကာသစခန်းနှစ်ခုတို့ကို အသုံးပြုနေသည်။ ကာဇက်စတန်နိုင်ငံရှိ ဘေကွန်နူးအာကာသစခန်းများကို ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲချိန်မှစ၍ ငှားရမ်း သုံးစွဲလျက်ရှိပြီး ဒုတိယအာကာသစခန်းမှာ ရုရှားနိုင်ငံအနောက်မြောက်ပိုင်း ပလဲဆက်မြို့၌ တည်ရှိသည်။ ***ဆင်ဟွာ။***

မြောက်ကိုရီးယားနှင့် မလေးရှား လေကြောင်းလိုင်းဖွင့်လှစ်မည်

ပြုံယမ်း ဩဂုတ် ၁၁

မြောက်ကိုရီးယားနိုင်ငံသည် လာမည့် ရက်သတ္တပတ်၌ မလေးရှားနိုင်ငံနှင့် လေကြောင်းလိုင်းဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းသို့ လေကြောင်းလိုင်း ဖွင့်လှစ်ခြင်းဖြင့် မလေးရှား ကမ္ဘာလှည့်ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြုံယမ်းနှင့် ကွာလာလမ်ပူအကြား စင်းလုံးငှားလေကြောင်း ခရီးစဉ်များကို ဩဂုတ် ၁၉ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကိုရီးယား ဗဟိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာလှည့်ခရီးသည် အများအပြားမှာ မြောက်ကိုရီးယားနိုင်ငံသို့ စင်းလုံးငှားလေယာဉ်များဖြင့် လာရောက်ကြကြောင်း၊ မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့နှင့် ဆက်သွယ်သော လေကြောင်းလိုင်းကို ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး တရုတ်နိုင်ငံ ရှေးဟောင်းမြို့ကြီးဖြစ်သော စီအန်းမြို့နှင့် ဆက်သွယ်သော လေကြောင်းလိုင်းကို ဇူလိုင် ၂၈ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရှန်ဟိုင်းမြို့မှ လာရောက်သော ကမ္ဘာလှည့်ခရီးသည်များသည် ပြည်ဝင်ဗီဇာရယူရန်မလိုအပ်ဘဲ မြောက်ကိုရီးယားနိုင်ငံရှိ သာယာလှပသော အပန်းဖြေစခန်းများနှင့် အထိမ်းအမှတ်နေရာများသို့ လည်ပတ်ကြည့်ရှုနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***ဆင်ဟွာ။***

နေတိုးတပ်ဖွဲ့၏ မှားယွင်းပစ်ခတ်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူး ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တောင်ပိုင်းရှိ အာဖဂန်ရဲတပ်ဖွဲ့၏ စစ်ဆေးရေးစခန်းတစ်ခုအား ဩဂုတ် ၉ ရက် ညပိုင်းက နေတိုးတပ်ဖွဲ့ဝင်များ ဦးဆောင်သောတပ်ဖွဲ့က မှားယွင်းပစ်ခတ်ခဲ့မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်ဟု အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနမှ ဩဂုတ် ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၉ ရက် ည ဒေသစံတော်ချိန် ၉ နာရီခွဲခန့်တွင် နေတိုးဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့တစ်ခုက အာဖဂန်ရဲတပ်ဖွဲ့၏ စစ်ဆေးရေးစခန်းတစ်ခုကို မှားယွင်းစွာပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

နေတိုးဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့က ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ၎င်းတို့၏ လက်နက်များကို ယူဆောင်သွားသည် ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းဒေသသို့ စုံစမ်း စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ပြီး အဖြစ်အပျက်နောက်ကွယ်မှ အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးပြီးမှ ဆက်လက်ထုတ်ပြန်မည်ဟု ဆိုသည်။

ဤဖြစ်ရပ်သည် နေတိုးဦးဆောင်သော တပ်ဖွဲ့များ၏ မှားယွင်းပစ်ခတ်မှုကြောင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးခဲ့ရသော ဖြစ်ရပ်များတွင် ပထမဆုံးအကြိမ် မဟုတ်ဟုဆိုသည်။

ယင်းဖြစ်ရပ်နှင့် အလားတူသည့် မှားယွင်းပစ်ခတ်မှုတစ်ရပ်မှာ ယခုလအစောပိုင်းက နူရစ်စတန်ပြည်နယ် အရှေ့ပိုင်းတွင်လည်း ဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်ရပ်တွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရခဲ့သည်ဟု ယင်းပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

သိမ်းပိုက်နယ်မြေတစ်ခု၌ အစ္စရေးတို့က လူနေအဆောက်အအုံသစ်များ တည်ဆောက်နေစဉ်။

အရှေ့ဂျေရုဆလင်တွင် အဆောက်အအုံ ၁၆၀၀ တည်ဆောက်ရန် အစ္စရေးအစိုးရ အတည်ပြု

ဂျေရုဆလင် ဩဂုတ် ၁၁

သိမ်းပိုက်ထားသည့် အရှေ့ဂျေရုဆလင်တွင် အခြေချနေထိုင်သူ ၁၆၀၀ ၏ နေအိမ်များဆောက်လုပ်ခြင်းကို အစ္စရေးပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပေးလိုက်ပြီဖြစ်သည်။

နောက်ထပ်အိမ်အလုံးရေ ၂၇၀၀ဆောက်လုပ်ရန် ထပ်မံအတည်ပြုပေးမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂက ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုရန် ပါလက်စတိုင်းအာဏာပိုင်များက လှုပ်ရှားမှုမပြုမီ ရက်သတ္တပတ်အနည်းငယ်တွင် ဤသို့ အတည်ပြုပေးခြင်းဖြစ်သည်။ ပါလက်စတိုင်းတို့က ယင်းသို့ လှုပ်ရှားမှုပြုခြင်းကို အစ္စရေးနိုင်ငံက ပြင်းထန်စွာ ဆန့်ကျင်သည်။

အစ္စရေးနိုင်ငံ၏ တည်ဆောက်မှုခွင့်ပြုသည့် ကြေညာချက်ကို ပါလက်စတိုင်းတာဝန်ရှိသူတို့က ဝေဖန်ခဲ့ကြသည်။

အစ္စရေးတို့၏ဆုံးဖြတ်ချက်ကို ပြင်းထန်စွာရှုတ်ချကြောင်း ပါလက်စတိုင်းစေ့စပ်ရေးမှူး ဆာအစ်အီရီကက်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ***အေအက်ဖ်ပီ။***

နောက်ဆုံးကျန်ရစ်ခဲ့သော ဩစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်မှထွက်ခွာ

ဆစ်ဒနီ ဩဂုတ် ၁၁

အီရတ်နိုင်ငံ၌ နောက်ဆုံးကျန်ရစ်ခဲ့သော ဩစတြေးလျတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သတင်းဌာနများက ဩဂုတ် ၁၀ ရက်တွင် ရေးသားဖော်ပြသည်။

နောက်ဆုံးရုပ်သိမ်းလိုက်သော တပ်ဖွဲ့ဝင် ၁၇ဦးမှာ အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ဩစတြေးလျသံရုံးအတွက် လုံခြုံရေးတာဝန်ယူခဲ့သော တပ်ဖွဲ့ဝင်များဖြစ်ကြသည်။

အဆိုပါ ဩစတြေးလျတပ်ဖွဲ့ဝင်များသည် သံရုံးလုံခြုံရေးအတွက် ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းသော ပုဂ္ဂလိကလုံခြုံရေးအစောင့်များထံ လုံခြုံရေးတာဝန်ဝတ္တရားများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အီရတ်နိုင်ငံ တောင်ပိုင်းဒေသမှ ဩစတြေးလျတိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များကို ၂၀၀၈ ခုနှစ် နှစ်လယ်တွင် ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။ ***ဆင်ဟွာ။***

ဩစတြေးလျ၌ အလုပ်လက်မဲ့နှုန်း ၅ဒသမ၁ရာခိုင်နှုန်းအထိ မြင့်တက်

ဆစ်ဒနီ ဩဂုတ် ၁၁

ဩစတြေးလျနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် ဇူလိုင်လတွင် ၅ဒသမ၁ရာခိုင်နှုန်းအထိ တိုးမြင့်လာသည်ဟု ဩစတြေးလျစာရင်းအင်းဗျူရို(အေဘီအက်စ်)က ဩဂုတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ဇူလိုင်လတွင် နှိုင်းယှဉ်သုံးသပ်ချက်များအရ အလုပ်လက်ရှိဦးရေသည် ပြောင်းလဲခြင်းမရှိဘဲ ၁၁ဒသမ၄၅သန်းပင် ဆက်လက်တည်ရှိသည်ဟု အေဘီအက်စ်က သတင်း၌ ဖော်ပြသည်။

အလုပ်လက်မဲ့ဦးရေသည် ဇူလိုင်လတွင် ၁၈၀၀၀ မှ ၆၁၁၆၀၀အထိ တိုးမြင့်ခဲ့သည်ဟု အဆိုပါ ဗျူရိုက ပြောကြားသည်။ ***ဆင်ဟွာ။***

(12-8)04.pmd 1 8/12/2011, 1:58 AM

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကျင်းပ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း တက်ရောက်

ရန်ကုန် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလုပ်ရှားမှုကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဟာရပြည့်ဝသော အစားအစာချက်ပြုတ်ပြိုင်ပွဲတွင် ပထမဆုရ ရွှေကျင်မြို့နယ်၊ ဖြူးမြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် မိုးညိုမြို့နယ်တို့အား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က ဒုတိယဆုရ ဒိုက်ဦးမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်တို့အား လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနဝန်ကြီးက တတိယဆုရ ကဝမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ပြည်မြို့နယ်နှင့် သာယာဝတီမြို့နယ်တို့အား လည်းကောင်း ဆုများချီးမြှင့်ကြကာ ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင်ဘော်လီဘောပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဒုတိယဆုရ တောင်ငူခရိုင်အသင်းအား ငွေသားဆု ကျပ်ငါးသောင်းနှင့် ပထမဆုရ ပြည်ခရိုင်အသင်းအား ဆုဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်းတို့ကို ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း အာဟာရပြည့်ဝသော အစားအစာချက်ပြုတ်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြို့နယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်တွင်းဈေးကွက်

နိုင်လင်းကြည်

ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် မန္တလေးမတ်ပဲဈေးကွက်မှလွဲ၍ ကျန်ပဲမျိုးစုံဈေးကွက်အသီးသီးတွင် အရည်အသွေးလိုက်၍ ဈေးလျှော့ဝယ်ယူမှုကြောင့် ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းခဲ့သလို ပြည်တွင်းစားသုံးဆီဈေးကွက်တွင်လည်း မကွေးနှမ်းဆီဈေးကွက်မှအပ ကျန်စားသုံးဆီဈေးကွက်များတွင် ဈေးနှုန်းများ ကျဆင်းခဲ့သည်။

မတ်ပဲ။ *။ မန္တလေးမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်းငွေကျပ် ၄၄၈၈၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၄၈၉၉၀၀ သို့တက်လာခဲ့သော်လည်း မုံရွာမတ်ပဲဈေးကွက်တွင် ယခင်မတ်ပဲတစ်တန်ငွေကျပ် ၄၉၆၀၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၄၈၀၇၀၀ သို့လည်းကောင်း၊ ပြည်မတ်ပဲဈေးကွက်တွင် ယခင်မတ်ပဲတစ်တန် ဈေးနှုန်း ငွေကျပ် ၅၂၀၅၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၁၄၄၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သည်။*

ပဲတီစိမ်း။ *။ ပဲတီစိမ်းမှာ ရောင်းသူများပြီး ဝယ်လိုအား လျော့နည်းမှုကြောင့် ဈေးနှုန်းများကျဆင်းလာရာ မန္တလေး ပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၅၇၆၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၄၈၉၉၀၀ သို့လည်းကောင်း၊ မုံရွာပဲတီစိမ်းဈေးကွက်တွင် ယခင်ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၆၁၂၃၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၄၈၀၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။*

ပဲစင်းငုံ(နီ)။ *။ ပဲစင်းငုံ(နီ)မှာ အရောင်းအဝယ်ရှိသော်လည်း ဈေးကွက်သို့ ဝင်ရောက်မှုများခြင်းက ဈေးနှုန်းကျဆင်းမှုကို ဦးတည်ခဲ့ရာ ယခုအပတ် မုံရွာပဲစင်းငုံ(နီ) ဈေးကွက်၏ တစ်တန်ဈေးနှုန်းမှာ ငွေကျပ် ၃၆၄၃၀၀ သို့လည်းကောင်း၊ မန္တလေး၊ ပခုက္ကူနှင့် ပြည် ပဲစင်းငုံ(နီ)ဈေးကွက်များ၏ တစ်တန်ဈေးနှုန်းမှာ ငွေကျပ် ၃၆၇၄၀၀ သို့ လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သည်။*

ပဲဆီ။ *။ မကွေးပဲဆီဈေးကွက်မှာ ယခင်အပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၃၇၀၀မှ ယခုအပတ်တွင် ငွေကျပ် ၃၆၀၀ သို့ လည်းကောင်း၊ မုံရွာပဲဆီဈေးကွက်တွင် ယခင်အပတ်က ပဲဆီတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၃၆၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၃၅၀၀ သို့လည်းကောင်း ဈေးနှုန်းများကျဆင်းခဲ့သော်လည်း ကျန်ပဲဆီဈေးကွက်များမှာ ယခင်အပတ်ကနှင့်နည်းတူ ဈေးနှုန်းအပြောင်းအလဲ မရှိပေ။*

နှမ်းဆီ။ *။ မကွေးနှမ်းဆီဈေးကွက်မှာ ယခင်အပတ်က နှမ်းဆီတစ်ပိဿာငွေကျပ် ၂၂၀၀ သာရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၂၄၀၀ သို့ တက်လာခဲ့သော်လည်း ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မုံရွာ၊ တောင်ကြီးနှင့် စစ်တွေ နှမ်းဆီဈေးကွက်များတွင် ဈေးနှုန်းများ အေးနေသည်။*

စားအုန်းဆီ။ *။ ရန်ကုန်စားအုန်းဆီဈေးကွက်တွင် ယခင်အပတ်က စားအုန်းဆီ တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၈၅၀ မှ ယခုအပတ်တွင် ငွေကျပ် ၁၇၅၀ သို့ လည်းကောင်း၊ စစ်တွေစားအုန်းဆီဈေးကွက်တွင် ယခင်အပတ်က စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၂၆၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၂၅၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သော်လည်း မန္တလေး၊ မကွေးနှင့် မုံရွာ စားအုန်းဆီဈေးကွက်များတွင် အတက်အကျမရှိ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။*

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၈-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၈။ မြေကမ္ဘာမှတ်တမ်း
၈း၃၅	၉။ အကပြိုင်ပွဲ
၈း၄၀	၁၀။ International News
၈း၄၅	၁၁။ တေးဂီတအစီအစဉ်
၉း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀	၄။ မြန်မာစာ၊ မြန်မာစကား
၄း၄၅	၅။ အဆိုပြိုင်ပွဲ
၄း၅၀	၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၅	၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၈။ "ကိုစိန်နဲ့ကိုယ်ဝန်ဆောင်မိခင်"
၅း၂၀	၉။ နှောင်းခတ်တေးပဒေသာ
၅း၃၀	၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၅	၁၂။ မိုးလေဝသအခြေအနေ
၆း၂၀	၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၈)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ လျှပ်တစ်ပြက်ဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၂၂)**
	၂၀။ သီချင်းချစ်သူ (ခိုင်ထူး)
	၂၁။ အစီအစဉ်ပြီး၏။

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးသို့ ဓာတ်အားပိုမိုတိုးတက် ဖြန့်ဖြူးနိုင်ရန်နှင့် ဗို့အားပိုမိုတည်ငြိမ်ကောင်းမွန်နိုင်ရန်အတွက် ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံအသစ်အား တည်ဆောက်လျက်ရှိပါသည်။

အဆိုပါ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံအသစ်သို့ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်မည့် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းအသစ်အား ဓာတ်အားလိုင်းကြိုး သွယ်တန်းခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအား ပူးတွဲပါနေ့ရက်အချိန်များတွင် ခေတ္တ ဓာတ်အားပိတ်ထား၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားလိုင်းအမည်	နေ့ရက်	အချိန်
၁။	၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင်	၁၃-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၂။	၃၃ ကေဗွီ ရွှေစာရံ-မြောက်ပြင်	၁၃-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၃။	၃၃ ကေဗွီ ရွှေစာရံ-(၅၉)လမ်းခွဲရုံ	၁၃-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၄။	၁၃၂ ကေဗွီ အောင်ပင်လယ်-ဆည်တော်ကြီး	၁၄-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၅။	၃၃ ကေဗွီ အောင်ပင်လယ်-မြောက်ပြင်	၁၄-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၆။	၁၃၂ ကေဗွီ လက်ပန်လှခွဲရုံမှ ဓာတ်အားပေးထားသော ဒေသများ	၁၄-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ
၇။	၁၃၂ ကေဗွီ ကျောက်ပုထိုးခွဲရုံမှ ဓာတ်အားပေးထားသော ဒေသများ	၁၄-၈-၂၀၁၁	(၀၆း၀၀)နာရီမှ(၁၈း၀၀) နာရီအထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လပွတ္တာမြို့ သာယာလှပရေးအတွက် မြို့အဝင်ဆိုင်းဘုတ်ရှေ့၌ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဋ္ဌေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကွယ်လွန်သူ ခင်ပွန်း ဦးသာအေးနှင့် သား ဦးသန်းဝင်းတို့အား ရည်စူး၍ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနေ ဒေါ်လှကြည်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံစဉ်။ (ကြေးမုံ)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားကို အများပြည်သူအားလုံး စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

ရှမ်းပြည်နယ် ကလောပင်မဓာတ်အားခွဲရုံတွင် လျှပ်စစ်ဓာတ်အား အရည်အသွေးပြည့်မီရေး ဖြည့်တင်းစက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ တပ်ဆင်ရန်အတွက် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများအား ပူးတွဲပါနေ့ရက် အချိန်များတွင် ခေတ္တ ဓာတ်အားပြတ်တောက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားလိုင်းအမည်	နေ့ရက်	အချိန်
၁။	၆၆ ကေဗွီ ကလော-အောင်သပြေ	၁၄-၈-၂၀၁၁	(၀၈း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ
၂။	၆၆ ကေဗွီ ကလော-နဂါးဘိလပ်မြေစက်ရုံ	၁၄-၈-၂၀၁၁	(၀၈း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ
၃။	၃၃ ကေဗွီ ကလော-နောင်တရား	၁၄-၈-၂၀၁၁	(၀၈း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ
၄။	၁၁ ကေဗွီ ကလော၊ စစ်ဦးစီး၊ အောင်ပန်း	၁၄-၈-၂၀၁၁	(၀၈း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စရိတ်မှာသက်သာ အထွက်တင်းတစ်ရာ စပါးစိုက်နည်းပညာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့)က ကြီးမှူး၍ စိုက်ပျိုးရေးနည်းပညာနှင့် ပတ်သက်သည့် ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာထွန်းဝင်း Ph.D (Agronomy) က "စရိတ်မှာသက်သာ အထွက်တင်းတစ်ရာ စပါးစိုက်နည်းပညာ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ဥတုရာသီတောကိုမှီ၍

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်မျက်ရတနာပြပွဲများ ကျင်းပလာခဲ့သည်မှာ ပြီးခဲ့သည့်ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းပွဲအထိဆိုလျှင် (၃) ကြိမ် ရှိခဲ့ပြီဖြစ်သည်။ သို့သော်လည်း အဆိုပါ ကျောက်မျက်ရတနာပြပွဲများမှာ နိုင်ငံခြားငွေဖြင့် ရောင်းချသော ပြပွဲများဖြစ်ပြီး ပြည်ပရတနာကုန်သည်များ အဓိက လာရောက်ဝယ်ယူကြသော ပြပွဲများဖြစ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ရတနာပြပွဲပေါင်း ၈၂ ပွဲ ကျင်းပခဲ့ပြီးဖြစ်သည်။ အဆိုပါ

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် ရောင်းချမည့် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်များ ခင်းကျင်းထားမှုကို တွေ့ရစဉ်။

ရတနာပြပွဲများတွင် ကျောက်စိမ်းအတွဲများ တိုးတက်တင်ပြရောင်းချခဲ့ရာ ပြီးခဲ့သည့် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၂၃၁၇ တွဲ တင်ပြခဲ့ရာ ၁၇၄၄၉ တွဲ ရောင်းချခဲ့ရသည်။ ထိုသို့ တင်ပြရောင်းချခဲ့ရာတွင် တန်ဖိုးနည်းသော အသားကျောက် C (စီ)၊ D (ဒီ) အဆင့် ကျောက်စိမ်းအတွဲများ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၈၈ ရာခိုင်နှုန်း၊ ကျောက်စိမ်းမဟုတ်သော ကျောက်များ (Nonjade) များ၏ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၇ ဒသမ ၆၉ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။

အဆင့်နိမ့် အသားကျောက် C,D (စီ၊ ဒီ) ကျောက်များနှင့် ကျောက်စိမ်းမဟုတ်သော ကျောက်များသည် ထုထည်ပမာဏ များပြားသည့်အပြင် တန်ဖိုးနည်းသော ကျောက်စိမ်းများဖြစ်သည့်အတွက် သီးခြားပြပွဲတစ်ပွဲ ကျင်းပပေးရန် လိုအပ်လာပေသည်။ သို့မှသာ နိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် မတည်ရင်းနှီးငွေများ ပြန်လည်ရရှိပြီး လုပ်ငန်းသုံးငွေများ လည်ပတ်စေကာ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်ကျောက်စိမ်း အသားကျောက် ရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် အဆင့်နိမ့်ကျောက်စိမ်း အသားကျောက်ရောင်းချပွဲကို ပြည်တွင်း ကျောက်စိမ်းအချောထည်နှင့် ရုပ်တုရုပ်ထွင်းဈေးကွက် တိုးတက်ထွန်းကားလာစေရန်၊ ငွေကြေး အရင်းအနှီးနည်းပါးသော ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိက ကျောက်စိမ်းလုပ်ငန်းများ တိုးတက်လာစေရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်း အသားကျောက် ရောင်းချပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းအရိုင်း အသားကျောက် C(စီ)အဆင့်၊ D(ဒီ) အဆင့်နှင့် အဆင့်အလွန်နိမ့်သည့် ကျောက်စိမ်းများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည် ဖြစ်သည်။ ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေးခြင်းနှင့် ဈေးနှုန်းပေးသွင်းလွှာများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြရမည်ဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် အသင်းများ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရရှိသူများ တင်ပြရောင်းချခွင့်ရှိမည်ဖြစ်သည်။ အဆိုပါရောင်းချပွဲသို့ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများ၊ ကျောက်မျက်ရတနာအရောင်းဆိုင် လိုင်စင်ရရှိထားသူများ၊ ဂျီတီစီ လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်ရရှိပြီးသူများ တက်ရောက်ဝယ်ယူခွင့်ရရှိကြမည် ဖြစ်သည်။

အဆင့်နိမ့် ကျောက်စိမ်း အသားကျောက် ရောင်းချပွဲနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက "မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေနဲ့ အရင်က ကျောက်စိမ်းတွေကို နိုင်ငံခြားငွေနဲ့သာ ရောင်းချခဲ့ပါတယ်။ ဒီပွဲမှာတော့ ပြည်တွင်းမှာ ကျောက်မျက်ရတနာနဲ့ လက်ဝတ်ရတနာ ဈေးကွက် ဖွံ့ဖြိုးလာဖို့နဲ့ ကျောက်စိမ်းနဲ့ ပြုလုပ်ထားတဲ့ ရုပ်တုရုပ်ထွင်းတွေ၊ လက်ကောက်၊ ပုတီး၊ ဆွဲပြား၊ ဆွဲသီး စတဲ့ လုပ်ငန်းတွေအတွက် ကုန်ကြမ်း ရရှိစေဖို့ ရည်ရွယ်ကျင်းပတာပါ။ ဒီပွဲမှာ ဝယ်ယူတဲ့ ကျောက်စိမ်းတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းစတဲ့ မြို့တွေကို သတ်မှတ်ချက်နဲ့အညီ သယ်ဆောင်ရောင်းဝယ်ခွင့် ပြုမှာဖြစ်ပြီး ရတနာခွန်ပေးဆောင်ပြီးဖြစ်လို့ လက်ဝယ်ထားရှိခွင့်နဲ့ အထည်လုပ်ခွင့်ရရှိမှာဖြစ်ပါတယ်။ လိုအပ်တဲ့ ကုန်ကြမ်းကို တစ်ဦးချင်းဖြစ်စေ၊

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်းအတွဲများ ခင်းကျင်းနေမှုကို တွေ့ရစဉ်။

စုပေါင်းပြီးဖြစ်စေ စိတ်ကြိုက်ရွေးချယ်ကာ ဝယ်ယူနိုင်ကြမှာဖြစ်ပါတယ်။

ဒီရောင်းချပွဲကြောင့် ကျောက်စိမ်းအချောထည်ဈေးကွက် ပိုမိုဖွံ့ဖြိုးလာပြီး ပြည်တွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိလာစေမှာဖြစ်ပါတယ်။ အရင်ကဆိုရင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ ပြပွဲတွေကိုသာ အားထားနေကြရတာ ဖြစ်ပါတယ်။ အခုလို မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတဲ့ပွဲတွေ လုပ်ပေးတဲ့အတွက် ကျောက်တွေကို ထိန်းသိမ်းထားရတဲ့ အခက်အခဲ လျော့နည်းသွားစေပြီး မြန်မာကျပ်ငွေသာ သုံးစွဲနိုင်တဲ့ ကုမ္ပဏီတွေအနေနဲ့ ကျောက်စိမ်းကို အလွယ်တကူ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ အဆင့်နိမ့်ကျောက်စိမ်း အသားကျောက် ရောင်းချပွဲကိုလည်း သီးခြားကျင်းပပေးသွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၁) ဦးစံမျိုးကလည်း ရောင်းချပွဲ ကျင်းပပေးခြင်းနှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေနဲ့ ဒီပွဲမှာ အရင်ပွဲတွေလိုပဲ ကျောက်စိမ်းချိန်တွယ်ခြင်း၊ ကျောက်စစ်ဆေးခြင်းနဲ့ လက်ခံခြင်းတွေကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာပါ။ ဒီပွဲမှာ မြန်မာနိုင်ငံသားတွေကိုပဲ ရောင်းချမှာဖြစ်ပြီး နေပြည်တော်မှာ မြန်မာကျပ်ငွေနဲ့ ပထမဆုံးအကြိမ် ရောင်းချတဲ့ပွဲဖြစ်ပါတယ်။ တိုင်းရင်းသား ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေအနေနဲ့ အဆင့်နိမ့်အသားကျောက်တွေ ဝယ်ယူပြီး အရည်အသွေးမြင့် အချောထည်လုပ်ငန်းတွေ လုပ်နိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်တွေအနေနဲ့ ကျောက်စိမ်းတွေကို တရားဝင်ဝယ်ယူရရှိပြီး တရားဝင် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အရင်းအနှီးနည်းပါးတဲ့ လုပ်ငန်းရှင်အသေးစားလေးတွေအတွက်လည်း ပါဝင်ဝယ်ယူလုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိစေပြီး ပြည်တွင်းမှာ အချောထည်လုပ်ငန်းဈေးကွက် ဖွံ့ဖြိုးလာစေမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ရတနာပစ္စည်းအရောင်းဆိုင် ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိသော မောင်မောင်ဆန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၏ မဏိသျှတ္တရ နဝရတ်လက်စွပ်နှင့် ရတနာပစ္စည်းအရောင်းဆိုင်မှ လုပ်ငန်းရှင် ဦးမောင်မောင်ဆန်းကလည်း "ဒီလိုအဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ ကျင်းပပေးတာဟာ ရတနာပစ္စည်းအရောင်းဆိုင်တွေအတွက် ကျေးဇူးတင်ဝမ်းမြောက်စရာပါပဲ။ အချောထည် ဈေးကွက်မှာ အရင်းအနှီးနည်းသူတွေဟာ အရင်က ကျောက်စိမ်းဝယ်ယူဖို့ အခက်အခဲရှိခဲ့ပေမယ့် အခုလို မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတဲ့အတွက် ကုန်ကြမ်း အလွယ်တကူ ရရှိစေပါတယ်။ ကျောက်စိမ်း ဝယ်ယူရာမှာလည်း မိမိတို့ကြိုက်နှစ်သက်ရာကို တစ်နေရာတည်းမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်တဲ့ အခွင့်အလမ်းဖြစ်ပါတယ်။ ပြည်တွင်းရတနာကုန်သည်တွေအနေနဲ့ မြန်မာကျပ်ငွေနဲ့ ဝယ်ယူခွင့်ရရှိခြင်းဖြင့် ကျောက်စိမ်းအချောထည်တွေကို ပိုမိုထုတ်လုပ်ရောင်းချလာနိုင်ပြီး အလုပ်အကိုင်တွေလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုရောင်းချပွဲသည် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ပြပွဲများအနက် မြန်မာကျပ်ငွေဖြင့် ပထမဆုံးအကြိမ် ရောင်းချသည့်ပွဲပင်ဖြစ်သည်။ ယခုရောင်းချပွဲတွင် ကုမ္ပဏီ၊ ပုဂ္ဂလိကနှင့် အကျိုးတူကုမ္ပဏီ စုစုပေါင်း ၂၈ ခုတို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၀၅ တွဲ ရောင်းချသွားမည်ဖြစ်ပြီး ပြည်တွင်းရတနာကုန်သည် ၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်များအား အရည်အသွေးနိမ့်သည့် အသားကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူပြီး တန်ဖိုးမြင့် အချောထည်များဖြစ်သည့် ပုတီး၊ လက်ကောက်၊ ဆွဲပြား၊ ရုပ်တုရုပ်ထွင်း စသည်တို့ကို ထုတ်လုပ်ရောင်းချနိုင်စေရန်ဟူသော စေတနာဖြင့် ကျင်းပပေးခြင်းဖြစ်ပေသည်။

ယခုကဲ့သို့ အဆင့်နိမ့်ကျောက်စိမ်း အသားကျောက်ရောင်းချပွဲ ကျင်းပပေးခြင်းဖြင့် ငွေကြေးအရင်းအနှီးနည်းပါးသော ကျောက်စိမ်းလုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကျောက်စိမ်းလုပ်ငန်းများ တိုးတက်စေခြင်း၊ ကျောက်စိမ်းအချောထည် (Value Added)တန်ဖိုးမြင့် ကျောက်စိမ်းထည်များ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံသား ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များ ခေအင်အား ပိုမိုကြွယ်ဝလာစေပြီး ငွေကြေးလည်ပတ်မှု ပိုမိုကောင်းမွန်ရေး အထောက်အကူ ဖြစ်စေခြင်း၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီက ကျင်းပရာ တောင်ဘက်ပိုင်းရပ်ကွက် တောင်သူ ဦးညွန့်ရွှေပါ ရှစ်ဦး၏ လယ်ဧက ၁၀၀ အတွင်းသို့ ငါးခုံးမကြီး အကောင် ၂၀၀၀၀၊ ရွှေဝါငါးကြင်း အကောင် ၂၀၀၀၀၊ တီလားပီးယား အကောင် ၁၀၀၀၀ စုစုပေါင်းကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးသည်။ **(အပေါ်ယာပုံ)**

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံလယ်သမားများ တက်ရောက်ခဲ့ကြသည်။ (ကြေးမုံ)

ဝက်လက်မြို့နယ် မိုးစပါးစိုက်ပျိုးစရိတ်၊ သွင်းအားစုများနှင့် စက်မှုလယ်ယာသုံးပစ္စည်းများ ပံ့ပိုးခြင်းနှင့် ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်များ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် လှတောကျေးရွာ မိဘဂုဏ်ရောင်ဆန်စက်၌ ဆန်စက်လုပ်ငန်းများ လည်ပတ်နေမှုကို ကြည့်ရှုအားပေးပြီး လှတောကျေးရွာ လှတောမြေ ဆန်စပါး အထူးပြုကုမ္ပဏီလီမိတက်က ဒေသခံတောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ပံ့ပိုးခြင်း၊ သွင်းအားစုများ ပံ့ပိုးခြင်းနှင့် စက်မှုလယ်ယာသုံးပစ္စည်းများ ပံ့ပိုးခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်မှုကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ လှတောမြေ ဆန်စပါး အထူးပြုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဖြိုးဝေသောင်းစိန်က စိုက်ပျိုးစရိတ် ပံ့ပိုးပေးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှတောကျေးရွာနှင့် မူးကြီးကျေးရွာမှ တောင်သူများအား စိုက်ပျိုးစရိတ်ငွေများ ပေးအပ်ပြီး ဒေသခံတောင်သူများအား ပံ့ပိုးပေးမည့် မိုးစပါးစိုက်ပျိုးစရိတ်များ၊ သွင်းအားစုများနှင့် စက်မှုလယ်ယာသုံးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မင်္ဂလာရွှေဒေါင်းဆန်စက် လည်ပတ်နေမှုကိုကြည့်ရှုအားပေးကြသည်။

ယင်းနောက် အရာတော်မြို့နယ် သာစည်-သစ်ကျင်းကြီး-နောင်ကြီးအိုင် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မုံရွာမြို့နယ် ကျောက္ကာ ရွှေဂူနီ-မဟာဗောဓိတထောင် ဖြတ်လမ်း ပြောင်းဖူးစေ့စီ ကျောက်လမ်းခင်းကျင်းနေမှုနှင့် မုံရွာမြို့ ချင်းတွင်းမြစ်ရေအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ဝက်လက်မြို့နယ် လှတောကျေးရွာနှင့် မူးကြီးကျေးရွာမှ တောင်သူများအား စိုက်ပျိုးစရိတ်ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မကွေးတိုင်းဒေသကြီး၌ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာနှင့် အဖွဲ့သည် ဩဂုတ် ၆ ရက်မှ ၇ ရက်အထိ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ ငဖဲမြို့နယ်နှင့် မင်းဘူးမြို့နယ်များ၌ ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ဩဂုတ် ၆ ရက်တွင် မကွေးမြို့နယ် ကန်သာလေးကျေးရွာ၌ ပြည်သူလူထုအခြေပြု PMCT လုပ်ငန်းများဖြစ်သော ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်များအား အနီးပိတ်နှင့်အားဆေးများ ထောက်ပံ့ခြင်းနှင့် Couple Counselling / VCCT လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ကန်သာလေးကျေးရွာရှိ ကိုယ်ဝန်ဆောင်များ အရေးပေါ်ညွှန်းပို့ရာ၌ အသုံးပြုနိုင်ရန်အတွက် မတည်ငွေကျပ် တစ်သိန်းကိုပေးအပ်သည်။ ဆက်လက်၍ မကွေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ကြည့်ရှု အားပေးမှာကြားပြီး မွေးပြီးမိခင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ဩဂုတ် ၇ ရက်တွင် ငဖဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံသို့ သွားရောက်ကြည့်ရှုပြီး ငဖဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌထံ ထောက်ပံ့ငွေများပေးအပ်ခြင်း၊ လာရောက်တည်းခိုလျက်ရှိသော ကိုယ်ဝန်ဆောင်များအား ကြည့်ရှုအားပေးကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပခြင်းနှင့် တက်ရောက်လာသူများအား သံဓာတ်အားဆေးနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မင်းဘူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ကြည့်ရှု အားပေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာ မကွေးမြို့နယ် ကန်သာလေးကျေးရွာရှိ ကိုယ်ဝန်ဆောင်များ အရေးပေါ်ညွှန်းပို့ရာ၌ အသုံးပြုနိုင်ရန်အတွက် မတည်ငွေကျပ် တစ်သိန်းကို ပေးအပ်စဉ်။ (သတင်းစဉ်)

လာထားအာဘွား-၂ ဆက်လက်ပြသမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခု သောကြာနေ့ (ဩဂုတ် ၁၂ ရက်) တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရန်ကုန်မြို့လယ်ရုံများ၌ ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲပရိသတ်အားပေးမှုမြင့်မားဆဲဖြစ်သည့် လာထားအာဘွား-၂ မြန်မာရုပ်ရှင်ဇာတ်ကားသာ ဆက်လက်ပြသမည်ဖြစ်သည်။

လာထားအာဘွား-၂ ဇာတ်ကားမှ နေတိုးနှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်။

ဤဇာတ်ကားကို ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူး ထုတ်လုပ်ထားပြီး နေရီမင်း၏ ဇာတ်လမ်းကို ကိုရွှေမိုးသက်က ဇာတ်ညွှန်းရေးသားကာ ကိုဇော်(အရုဏ်ဦး)က ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားခြင်းဖြစ်သည်။ ဟာသဇာတ်ကားတစ်ကားဖြစ်သော်လည်း ပညာပေးဇာတ်လမ်းကို ပရိသတ်မငြီးငွေ့စေရန် ဒါရိုက်တာက ရုပ်ရှင်အနုပညာဖြင့် ဟာသဆန်ဆန် ရိုက်ကူးထားခြင်းအပြင် သရုပ်ဆောင်များ၏ ပီပြင်စွာအင်အားပြည့် သရုပ်ဆောင် ထားမှုကြောင့်လည်း ဤမျှအထိ ရုံတင်ရက်ကြာမြင့်နေရခြင်းဖြစ်သည်။ နေတိုး၊ ဝေဠုကျော်၊ မေတ္တာ၊ သက်မွန်မြင့်၊ အထူးသရုပ်ဆောင် နေဆန်းနှင့် စိုးမြတ်နန္ဒာတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် နဝဒေးရုံတို့တွင် ပြသမည်ဖြစ်သည်။

မြို့လယ် ဝဇီရာ၊ ဝဇီရာ-၂နှင့် မြရတနာ၊ အောင်သီရိရုံများတွင် မြန်မာဇာတ်ကား တစ်ကားဖြစ်သည့် **အာဒမ်ရယ် ဧဝရယ် ဒသရယ်** ဇာတ်ကား ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ယခုပတ် ဆက်လက်ပြသမည့် TRANSFORMERS:DARK OF THE MOON ဇာတ်ကားမှာ သိပ္ပံခေတ်လွန် ဇာတ်ကားတစ်ကားဖြစ်ပြီး ကမ္ဘာဂြိုဟ်အပြင်ဘက်ရှိ အခြားဂြိုဟ်တစ်ခုမှ ယာဉ်ပျံတစ်စင်း လ၏ အလင်းရောင်မဲ့ အမှောင်ဘက်ခြမ်းတွင် ပျက်ကျသွားခြင်းကို ကမ္ဘာဂြိုဟ်မှ သိပ္ပံပညာရှင်များ လေ့လာစူးစမ်းရာမှ ထိုယာဉ်ပျံပိုင်ရှင်ဂြိုဟ်သားများမှာ ကမ္ဘာမြေကို ကျူးကျော်မည့်သူများဖြစ်နေပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့်ဇာတ်ကားတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် HARRY POTTER AND THE DEATHLY HALLOWS Part-2 ဇာတ်ကားမှာ နာမည်ကြီး ဟယ်ရီပေါ်တာဇာတ်လမ်းတွဲထဲမှ တစ်တွဲဖြစ်ပြီး မိစ္ဆာတန်ခိုးရှင်တစ်ဦးအား လူသားအကျိုးပြုပညာရှင် အစုအဖွဲ့မှ လူသားအကျိုးအတွက် စွမ်းအားပြိုင် ခုခံကြပုံကို ရိုက်ကူးထားသည့် စိတ်နယ်လွန်ဇာတ်ကားတစ်ကား ဖြစ်သည်။

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

သီချင်းသစ်ထွက်မယ့် ကိုရီးယားအဆိုတော် ရိန်း

ကိုရီးယားစူပါစတား သရုပ်ဆောင်အဆိုတော်ရိန်းက လာမည့်သီတင်းပတ်တွင် ၎င်း၏ ကိုရီးယားနိုင်ငံတစ်ဝန်း လှည့်လည်ဖျော်ဖြေမည့် ခရီးစဉ်တွင် သီချင်းသစ်တစ်ပုဒ် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း ရိန်း၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

ရိန်း၏ အေဂျင်စီ J.tune က ကြာသပတေးနေ့သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ကြေညာရာတွင် အဆိုတော်ရိန်း၏ ၎င်းကိုယ်တိုင်ရေးသားသီဆိုထားသည့် "Girl of Busan" အမည်ရှိ သီချင်းသစ်ကို ဩဂုတ် ၁၆ ရက်တွင် ထွက်ရှိမည်ဟုဆိုသည်။

ရိန်းက ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဘူဆန်မြို့၌ ဖျော်ဖြေမည့် ၎င်း၏ ဂီတဖျော်ဖြေပွဲနှင့် လိုက်ဖက်မှုရှိစေရန် သီချင်းခေါင်းစဉ်နှင့် စာသားများကို ပြန်လည်ပြင်ဆင်ခဲ့ရသည်ဟု ဆိုသည်။

အဆိုတော်ရိန်းသည် ဘူဆန်မြို့ ဖျော်ဖြေပွဲပြီးလျှင် ဆက်လက်၍ ဒေဂူး၊ ဂျေဂျူးကျွန်း၊ ကွမ်ဂျူး၊ တေကျွန်း နှင့် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဆိုးလ်မြို့ရှိ အိုလံပစ်အားကစားကွင်းကြီး၌ ဖျော်ဖြေသွားမည် ဖြစ်သည်။

ဤသီချင်းသစ်နှင့် ပတ်သက်၍ မည်သည့်အရောင်းမြှင့်တင်ရေး အစီအစဉ်ကိုမျှ မပြုလုပ်ကြောင်းနှင့် ဤသီချင်းသည် ရိန်း၏ ဂီတဖျော်ဖြေပွဲများအတွက်သာ ရည်ရွယ်သီဆိုခဲ့ကြောင်း J.tune အေဂျင်စီက ထုတ်ဖော် ပြောကြားသည်။

အင်တာနက်။

ကိုရီးယားစူပါစတား သရုပ်ဆောင်အဆိုတော်ရိန်း။

မက္ကဆီကို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ကိုရီးယားရုပ်ရှင် Boy အကောင်းဆုံး ဇာတ်ကားဆုရ

ယခုနှစ် မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သည့် ဂွါနာဂွါတို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ကိုရီးယားဇာတ်ကားဖြစ်သည့် "Boy" ရုပ်ရှင်ကားက အကောင်းဆုံးဇာတ်ကားဆု ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂွါနာဂွါတို နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများက ထုတ်ပြန်ကြေညာရာတွင် မက္ကဆီကိုနိုင်ငံ ဆန်မီဂွဲလ်မြို့၌ ဇူလိုင် ၂၂ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် ဂွါနာဂွါတို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ကိုရီးယားရုပ်ရှင်ကား "Boy" က အခြားနိုင်ငံများမှ ရုပ်ရှင်ကားများကို ကျော်လွန်၍ အကောင်းဆုံးဆု ရရှိသွားသည်ဟု ဆိုသည်။

ယင်းဇာတ်ကားကို ကိုရီးယား ဒါရိုက်တာ ရိုဟွန်ဂျင်းက ရိုက်ကူးထားပြီး (၁၆)နှစ်အရွယ် လူငယ်လေးတစ်ဦးက သတင်းစာပို့သမား တစ်ဦးအဖြစ်နှင့် မိသားစုကို ထောက်ပံ့ကူညီနေစဉ် ချန်ဂင်အမည်ရှိ မိန်းကလေးတစ်ဦး၏ ကူညီအားပေးမှုကြောင့် လက်တွေ့ဘဝ၏ သရုပ်မှန်ကို သိမြင်လာခဲ့သည်။

ဂွါနာဂွါတိုနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၉၇ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုနှစ် ကျင်းပသည့် ပွဲတော်သို့ ရုပ်ရှင်ဝါသနာရှင် ၈၅၀၀၀ ကျော် တက်ရောက်၍ နိုင်ငံပေါင်း ၉၀ ကျော်မှ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၄၀၀ ကျော် ပေးပို့ယှဉ်ပြိုင်ခဲ့သည်။

အင်တာနက်။

အကောင်းဆုံး ဇာတ်ကားဆုရ "Boy" ရုပ်ရှင်ကား ပိုစတာ။

အောင်မိုးစိုး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ ဆန်စပါးသီးနှံပွဲ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော်　ဩဂုတ်　၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ SDIC မှ ဒုတိယအထွေထွေမန်နေဂျာ Mr. Gao Guiheng ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** ဆန်စပါးသီးနှံပွဲ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ရေရှည်စိုက်ပျိုးရေး အခြေခံကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အဆိုပါအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဦးဆောင်သော ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဆက်လက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဇူလိုင် ၃၁ ရက်က ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု ချင်းဆိုင်ကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေ၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်နှင့်အညီ မိုးစပါးစိုက်ပျိုးသရုပ်ပြပွဲ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး ကောက်စိုက်လုံမေတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

နေပြည်တော်　ဩဂုတ်　၁၁

နေပြည်တော် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ဦးထွန်းထွန်းအောင်- ဒေါ်ဥမ္မာသန်း၊ သား မောင်ဘုန်းပြည့်အောင်မိသားစုက မူလတန်းကျောင်းသား၊ ကျောင်းသူများအား ကြက်သားဆန်ပြုတ်အာဟာရဒါနပြု တိုက်ကျွေးရာ **(အောက်ပုံ)** ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ကြိုးကြပ်ကူညီဆောင်ရွက်ပေးသည်။

ထို့အပြင် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများအဖြစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ ကျန်းမာရေးဆိုင်ရာများဟောပြောခြင်း၊ အာဟာရအုပ်စုများကို သရုပ်ပြခြင်း၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ (သတင်းစဉ်)

အားကစားနှင့်စိတ်ပညာ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်　ဩဂုတ်　၁၁

အားကစားနှင့်စိတ်ပညာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဆေးဘက်ဆိုင်ရာဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးစိန် ဦးဆောင်လျက် စိတ်ပညာပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း (ငြိမ်း)နှင့် "Australian Sport Commission" Dr. Sally Hughson (AIS - Australian Institute of Sport) တို့က သင်တန်းသား၊ သင်တန်းသူများအား အသိပညာဗဟုသုတ တိုးပွားလာစေရေးအတွက် "စိတ်ဖိအားပေးမှုများအား ဖြေလျှော့ပေးနိုင်ရေးနှင့် အားကစားလေ့ကျင့်ရေးပိုင်းဆိုင်ရာများ"ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ကြသည်။ (သတင်းစဉ်)

အင်းစိန် အလက (၁၂)၌ ယာဉ်စည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန်　ဩဂုတ်　၁၁

ရန်ကန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူးမြင့်ကြည်နှင့်အဖွဲ့ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အလက (၁၂) ကျောင်းခန်းမဆောင်၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀တို့ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပို့ချသည်။ (ကြေးမုံ)

ခရမ်းမြို့၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

နေပြည်တော်　ဩဂုတ်　၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြဟ္မစိုရ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်တရားသူကြီး ဒေါ်နန်းဇင်ဝေသော်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်တင်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်သိန်းတို့က လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည် လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချခဲ့ကြသည်။ (သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဒဂုံမြို့နယ် အထက(၂) မြို့မကျောင်း ဦးဘလွင်ခန်းမ၌ ကျောင်းတွင်းကျန်းမာရေး လှုပ်ရှားမှုများကို ဩဂုတ် ၈ ရက်က ကျင်းပရာ ဒဂုံမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းမြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော်　ဩဂုတ်　၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးမြင့်ကြိုင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ချင်းတွင်း၊ စစ်တောင်း၊ ရွှေကျင်၊ ငဝန်နှင့် သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော်　ဩဂုတ်　၁၁

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မော်လိုက်မြို့တွင် ၁၂၇၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (၁ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၃၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ကလေးဝမြို့တွင် ၁၆၆၇ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၁၇ စင်တီမီတာ (၃ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၉၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂၅ စင်တီမီတာ (၄ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၂၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၁၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (၂ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၅)လမ်း ပိဋကတ်တိုက်ကျောင်းရောင်ခြည်သစ် ပညာဒါန အခမဲ့ တက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူကိုးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ကွန်ပျူတာလှူဒါန်းပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားနိုင်ရေးအတွက် ကွန်ပျူတာသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။ (၅၀၆)

❋ ကျောဖုံးမှ

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားသည်။

အစည်းအဝေး၌ အထောက်အကူပြု လုပ်ငန်းကော်မတီ(၃)ရပ်ကို ဖွဲ့စည်းခဲ့ပြီး ပြည်ပအလုပ်အကိုင် အလုပ်သမားများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများရရှိရေး၊ တရားဥပဒေရေးရာ အကူအညီပေးရေး၊ နိုင်ငံတော်သို့ ချောမောစွာ ပြန်လည်ရောက်ရှိပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်၊ မိသားစု လွှဲပို့ငွေများကို အခက်အခဲမရှိ လျင်မြန်ချောမွေ့စွာ လွှဲပို့နိုင်ရေးနှင့် ဘဏ်စနစ်ကောင်းမွန်ရေး၊ ပြည်ပအလုပ်အကိုင် အလုပ်သမားများအား ပြည်ပသို့ မထွက်ခွာမီ မြန်မာ့အာမခံဥပဒေအရ အသက်အာမခံနှင့် ကိုယ်အင်္ဂါထိခိုက်မှု အာမခံထားရှိရေး၊ ပြည်ပသို့ မသွားရောက်မီဖြစ်စေ၊ သွားရောက်လုပ်ကိုင်နေစဉ်ဖြစ်စေ၊ ပြည်ပမှ ပြန်လည်ရောက်ရှိသည့်အခါဖြစ်စေ ငွေရေး ကြေးရေး အခက်အခဲရှိသော အလုပ်သမားများနှင့် ယင်းတို့၏မိသားစုများအား သင့်လျော်သော ထောက်ပံ့ငွေများပေးရန်နှင့် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးနိုင်ရန် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ရေးကိစ္စများအပါအဝင် ရှေ့လုပ်ငန်းစဉ်(၁၂)ရပ် ချမှတ်ခဲ့သည်။

(သတင်းစဉ်)

✤ ဆာဖာရီဉယျာဉ်မှ

ရေမြင်းနှစ်ကောင်၊ မြင်းကျား ခြောက်ကောင်၊ နူးသမင် ၁၂ ကောင်၊ ညာလာသမင် ၁၂ ကောင်နှင့် ငှက်ကုလားအုတ် လေးကောင် စုစုပေါင်း ၅၈ ကောင်ဖြစ်ပြီး အဆိုပါတိရစ္ဆာန်များအနက် ခြင်္သေ့တစ်စုံနှင့် ကျားတစ်စုံတို့ကို တိရစ္ဆာန်ဉယျာဉ်(ရန်ကုန်)၌ လည်းကောင်း၊ ကျားတစ်စုံကို တိရစ္ဆာန်ဉယျာဉ်(ရတနာပုံ)တို့၌ လည်းကောင်း၊ ကျန်တိရစ္ဆာန်များကို နေပြည်တော်ရှိ ဆာဖာရီဉယျာဉ်နှင့် တိရစ္ဆာန်ဉယျာဉ်တို့၌လည်းကောင်း မွေးမြူပြသသွားမည်ဖြစ်သည်။

ဆာဖာရီဉယျာဉ်၌ မွေးမြူပြသရန်အတွက် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်လည်း တောင်အာဖရိကနိုင်ငံမှ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ကြံ့ဖြူ၊ သစ်ကုလားအုတ်၊ ငှက်ကုလားအုတ်၊ ကုလားအုတ်၊ ဆိတ်သမင်၊ ခြင်္သေ့နှင့် မြင်းကျားများ၊ ပော်လန်နိုင်ငံမှ သားပိုက်ကောင်များ စုစုပေါင်း တိရစ္ဆာန်ကိုးမျိုး ကောင်ရေ ၆၀ ကို မှာယူတင်သွင်းခဲ့သည်။

ယခုတစ်ကြိမ်ရောက်ရှိလာသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဉယျာဉ်အသီးသီးတွင် ယဉ်ပါးအောင် ခေတ္တထိန်းသိမ်းထားရှိကာ အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ရက်ပိုင်းအတွင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

သင်တန်းတက်ရောက်ကြမည့် ဆရာ၊ ဆရာမများအား တွေ့ဆုံပွဲနှင့် သင်ထောက်ကူအခန်းများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)သို့ တက်ရောက်ကြမည့် ဆရာ၊ ဆရာမများအား တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာ၌ ဆရာ၊ ဆရာမများအနေဖြင့် ယခုတက်ရောက်ရမည့် မွမ်းမံသင်တန်းသည် နိုင်ငံတော်၏ အခြေခံပညာကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆင့် ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်း၏ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရန်၊ ယခင်အပတ်စဉ်များတွင် သင်တန်းသား၊ သင်တန်းသူများမှ သင်တန်းသူစံပြဆု၊ လုံ့လဆု၊ အဆောင်ဆုများ ဆွတ်ခူးရရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ ဂုဏ်ဆောင်သကဲ့သို့ ယခုအပတ်စဉ်တွင်လည်း တိုင်းဒေသကြီးဂုဏ်ဆောင်အဖြစ် စံပြသင်တန်းသား၊ သင်တန်းသူများဖြစ်အောင် ကြိုးစားသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး ဦးသန်းဌေးက သင်တန်းသွားရောက်မည့် ဆရာ၊ ဆရာမများအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတက်ရောက်ကြမည့် ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး လှူတော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ အမှတ်(၁)အခြေခံပညာကျောင်းရှိ Language Lab ခန်း၊ Learning Center ခန်း၊ Computer Room ၊ Chemistry Laboratory၊ Physics Laboratory ခန်းနှင့် Biology Laboratory ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ သင်ယူနေမှု၊ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်ထောက်ကူမီဒီယာအခန်းများ၌ အသုံးပြုပြသနေသည့် စက်များ၏ ကြံ့ခိုင်ရေးကို အပတ်စဉ်၊ လစဉ်ဆောင်ရွက်ရန်၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း ပြန်လည် ရှင်းလင်းပြသနိုင်ရေး လေ့ကျင့်သင်ကြားပေးရန်၊ သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများ၊ ဓာတ်ဆေးများကို အမြဲတွေ့မြင်ပြီး လက်တွေ့အသုံးပြုရာတွင် လွယ်ကူစေရန် မြင်သာနိုင်သည့်နေရာများ၌ စနစ်တကျ စီစဉ်ထားရှိရန်၊ ကျောင်းစာကြည့်တိုက်အသုံးပြုရာတွင် ကျောင်းသား၊ ကျောင်းသူများ စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် စာအုပ်ငှားကတ်စနစ်ဖြင့် စနစ်တကျ ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)သို့ တက်ရောက်ကြမည့် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ ရာဘင်သရာန(သ်)တဂေါ ၏ စာပေနှင့် အတွေးအခေါ်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရာဘင်သရာန(သ်) တဂေါ၏ စာပေနှင့် အတွေးအခေါ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ရာဘင်သရာန(သ်)တဂေါ၏ စာပေနှင့် အတွေးအခေါ်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးဘရွှေက အမှာစကားပြောကြား၍ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားကြသည်။

(သတင်းစဉ်)

အရာထမ်းနှင့် အရာထမ်းလောင်းသင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၈၇)နှင့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၃၄)တို့၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး စံပြဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုများနှင့် သင်တန်းသားကိုယ်စားလှယ်များအား သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်သည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလုပ စိမ်းမြမြ

နိုင်ငံအဝန်း ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်၏ လျာထားသတ်မှတ်ချက်အနေဖြင့် နိုင်ငံလူဦးရေ၏တစ်ဝက် သစ်ပင်သန်း ၃၀ စိုက်ပျိုးရန်ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုမှာ စိုက်ပျိုးရန် လျာထားအပင် ၇၉ သန်းဖြစ်ပြီး ယနေ့အထိ စိုက်ပျိုးပြီးစီးမှုမှာ ၅၄ ဒသမ ၈၈ သန်းဖြစ်သည်။

အဖွဲ့အစည်းအသီးသီး၏ စိုက်ပျိုးပြီးစီးမှုမှာ-

စဉ်	လုပ်ငန်းအမျိုးအမည်	လျာထား(ပင်)	ပြီးစီး(ပင်)
၁။	နိုင်ငံတော်ပိုင်စိုက်ခင်းများတည်ထောင်ခြင်း	၁၉၆၆၂၀၀၀	၁၉၆၆၂၀၀၀
၂။	မိုးရာသီလူထုလှုပ်ရှားမှုဖြင့်စိုက်ပျိုးခြင်း	၁၄၄၆၁၄၆၃	၁၄၀၉၄၉၃၉
၃။	ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ စိုက်ပျိုးခြင်း	၁၇၈၃၃၅၀၀	၉၁၂၃၀၂၀
၄။	ပုဂ္ဂလိက သစ်မာစိုက်ခင်းများစိုက်ပျိုးခြင်း	၃၉၆၆၆၇၈	၁၉၃၂၇၀၀
၅။	စည်ပင်သာယာရေးကော်မတီ/အဖွဲ့များမှစိုက်ပျိုးခြင်း	၂၂၁၀၉၀၀၃	၉၀၆၆၇၄၂
၆။	အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း	၁၇၉၈၁၅၀	၁၀၀၉၁၃၀
	စုစုပေါင်း	**၇၉၈၃၀၇၉၄**	**၅၄၈၈၈၅၃၁**

နိုင်ငံတစ်ဝန်း ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီအမီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ် စတင်ပြေးဆွဲ

ရန်ကုန် ဩဂုတ် ၁၁

ရွှေစင်စကြာ အဆင့်မြင့်ယာဉ်လိုင်း၏ ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်ကို ဇူလိုင် ၃၁ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်သည် ရန်ကုန်မြို့မှ ညနေ ၅ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၅ နာရီခွဲတွင် ညောင်ဦးမြို့ လက်ပန်ခြေပေါ် ဇက်ဆိပ်သို့ ရောက်ရှိကာ အစောဆုံးဇက်ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ ပခုက္ကူမှ ကံမမြို့အထိ ပို့ဆောင်ပေးမည်ဖြစ်သည်။ ပခုက္ကူ-ကံမမြို့မှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထွက်ခွာပြီး ရန်ကုန်မြို့သို့ နံနက် ၄ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။

ယခင် ရန်ကုန်မှပခုက္ကူသို့သွားလျှင် ညောင်ဦးမြို့မှ လှည်းတစ်တန်၊ လှေတစ်တန်နှင့် ဧရာဝတီမြစ်ကို မော်တော်စီးပြီး ပခုက္ကူသို့ အဆင့်ဆင့်သွားခဲ့ရသော်လည်း ယခုခရီးစဉ်သစ်တွင် ရန်ကုန်မှ ပခုက္ကူ-ကံမမြို့အထိ တိုက်ရိုက်ရောက်ရှိမည်ဖြစ်သည်။

ရွှေစင်စကြာယာဉ်လိုင်း၏ မော်တော်ယာဉ်များကို အဆင့်မြင့် Air-Con လေအိတ်ကားများကိုသာ အသုံးပြုထားပြီး ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် လိုရာခရီး ရောက်ရှိအောင် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။ ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်တွင် လက်မှတ်တစ်စောင်လျှင် ကျပ် ၁၁၀၀၀ ဖြစ်ပြီး ရွှေစင်စကြာ ယာဉ်လိုင်းမှ ရန်ကုန်-ပခုက္ကူ-ကံမ ခရီးစဉ်သစ်ကို စတင်မိတ်ဆက်ပြေးဆွဲခြင်းဖြစ်ပြီး ဧရာဝတီတံတား (ပခုက္ကူ)မြစ်ကူးတံတားကြီးပြီးစီးပါက မော်တော်ယာဉ်စီးရေ တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကြိုတင်လက်မှတ်များကို ရန်ကုန် အောင်ဆန်းကွင်းဂိတ် ဖုန်း-၀၉-၅၁၅၅၃၃၉၊ ၇ွတ္တလစ် ရတနာပန်းခြံဂိတ် ဖုန်း-၀၁-၇၀၅၅၁၅၊ ၇၀၉၅၂၁၊ အောင်မင်္ဂလာ အဝေးပြေးဂိတ် ဖုန်း-၀၁-၆၃၇၂၃၃၊ ၇၀၅၀၂၀၊ ၇၀၉၆၃၄၊ ပခုက္ကူမြို့ အဝေးပြေးကားဂိတ် ဖုန်း-၀၉-၄၃၀၂၉၁၁၁၊ ၄၇၂၃၁၈၃၃၊ ပေါက်လမ်းဂိတ် ဖုန်း-၀၉-၄၇၂၀၈၇၅၄၊ ကံမဂိတ် ဖုန်း-၀၆၂၆၀၄၃၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဝေဒနာနုပဿနာ"တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၃၅)**
၈း၅၀	MRTV-4 7th Anniversary Live Show (Day-2)(Part-5)
၉း၃၀	Movie Talk (ကြွေလွင့်ကြယ်ပွင့်များ)(အပိုင်း-၅) (ဒါရိုက်တာကြည်စိုးထွန်း)
၁၀း၀၀	နိဗ္ဗာန်အကျိုးမျှော်လှူဒါန်းသော် ကျောင်းရေစက်ချအလှူတော်
၁၀း၁၅	မဟာလောကသရဖူစေတီတော် မြတ်ကြီး ရွှေထီးတော်သစ်နှင့် စိန်ဖူးတော်မြတ် အထွတ်တင်လှူ ပူဇော်ပွဲအခမ်းအနား
၁၀း၃၀	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမင်းသက်စံ)
၁၁း၀၅	UMFCCI နှင့် MIEGA တို့ ပူးပေါင်းကျင်းပသည့် စီးပွားရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲ
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၄၅	နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အသုံးချနိုင်မှုပြသပွဲ
၁၁း၅၅	စာပေထဲက ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
၁၂း၃၅	Activities In The City
၁း၀၀	"ဝေဒနာနုပဿနာ"တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၃)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်" (အပိုင်း-၃၅)**
၅း၁၀	Activities In The City
၅း၃၀	The Champion of Dance
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၄)**
၇း၁၀	MRTV-4 7th Anniversary ဂန္ထဝင်သံစဉ်များ (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Korea City of Seoul is ... Cusine
၉း၁၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျှဉ်းပြိုင်"(အပိုင်း-၃၆)**
၁၀း၃၀	VJ Choice
၁၁း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
၁၁း၀၅	သူတို့ပြောတဲ့သူတို့အကြောင်း
၁၁း၃၅	မိုးအလှပန်းချီတေးကိုသီ
၁၁း၄၅	World of Knowledge
၁၂း၃၅	ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၂း၅၅	ကိုယ်ပိုင်ဟန်ဖက်ရှင်
၁း၁၀	လက်ဝယ်ရှိသော
၁း၂၅	လှပသစ်ဆန်းအလှပြင်ခန်း
၁း၄၀	ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေသည်. . .
၁း၅၀	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၂း၁၀	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂း၂၀	ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
၂း၄၀	ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက် တို့ထက်မြက်ရှင်သန်စေရာ. . .
၂း၅၅	တောင်တန်းပေါ်က စိန်တလုံး
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ
၄း၂၅	တရားဓမ္မများ ပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅	မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၅း၀၀	အစီအစဉ်ပြီး။

ပြည်တွင်းပြည်ပ အားကစားသတင်းများ
ပြည်တွင်းပြည်ပ အားကစားသတင်းများ

အောင်ပွဲရ ကယားပြည်နယ် တိုက်ကွမ်ဒိုအသင်းနှင့် ကရာတေးဒိုအသင်းတို့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် တံခွန်စိုက် ဒုတိယဆုများရရှိခဲ့သော ကယားပြည်နယ် တိုက်ကွမ်ဒိုအသင်းနှင့် ကရာတေးဒိုအသင်းတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားကာ တံခွန်စိုက် ဒုတိယဆုရ ကယားပြည်နယ် အမျိုးသား/အမျိုးသမီး တိုက်ကွမ်ဒိုအသင်းနှင့် ကယားပြည်နယ် အမျိုးသားကရာတေးဒို အသင်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက အုပ်ချုပ်သူများ၊ နည်းပြများ၊ ရွှေ၊ ငွေနှင့် ကြေးဆုများရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ပြည်နယ်တိုက်ကွမ်ဒိုအသင်း နည်းပြ ဦးစတာနီနှင့် ကရာတေးဒိုအသင်း နည်းပြ ဒေါ်ဝင်းသူဇာမင်းတို့က ပြိုင်ပွဲအတွေ့အကြုံနှင့် ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာလက်ဝှေ့ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော် အားကစားကွင်း (ခ)အုပ်စု

ဟိုတယ်/ခရီးဝန်ကြီးဌာန ငါးဂိုး
(ဇော်လွင်ဦး-သုံးဂိုး၊ ဇော်ဝင်းထွန်း၊ သန့်ဇင်ထွန်း)

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန နှစ်ဂိုး
(နေဝင်းထွန်း၊ ငြိမ်းတေဇာဝင်း)

(ဒိုင်လူကြီး) ဦးသောင်းရွှေမိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း (ခ)အုပ်စု

သစ်တောရေးရာဝန်ကြီးဌာန သုံးဂိုး
(လင်းထက်ကျော်၊ သီဟစိုး၊ ကျော်ဇေယျ)

စီးပွား/ကူးသန်းဝန်ကြီးဌာန နှစ်ဂိုး
(ဝင်းမင်းမြတ်၊ သော်ဇင်)

(ဒိုင်လူကြီး) ဦးသန်းတင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၁၂-၈-၂၀၁၁ ရက် ပွဲစဉ်များ

အမှတ်(၂)နေပြည်တော် အားကစားကွင်း (ဂ) အုပ်စု

ဘဏ္ဍာ/အခွန်နှင့် အလုပ်သမား

လယ်ဝေးအားကစားကွင်း (ဂ)အုပ်စု

အားကစားနှင့် ကာကွယ်ရေး

(၁၀၇)

မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးပြီး H & S Group က စီစဉ်သော ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ မြန်မာ-ဂျပန် နိုင်ငံတကာ ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်တို့က ပြိုင်ပွဲကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြကာ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အထူးစိန်ခေါ်ပွဲ

မြန်မာ-ဂျပန် နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက် ပထမနေ့ နိုင်ငံတကာ အထူးစိန်ခေါ်ပွဲစဉ်တွင် ကြယ်လင်းအောင်(မြန်မာ-တောင်ကလေး)နှင့် ကူရီနိုင်းတိုရှိယာ (ဂျပန်)၊ စိုးလင်းဦး (မြန်မာ-မျိုးဇာနည်)နှင့် ရှိနိုဟာရာ (ဂျပန်)၊ ပြည်တွင်း ငါးချီစိန်ခေါ်ပွဲသုံးပွဲနှင့် လေးချီစိန်ခေါ်ပွဲသုံးပွဲ၊ ဩဂုတ် ၁၄ ရက် ဒုတိယနေ့ နိုင်ငံတကာ အထူးစိန်ခေါ်ပွဲစဉ်တွင် စောငမန်း(မြန်မာ-Ever Green) နှင့် ဆာမူကာဝါ (ဂျပန်)၊ ဖိုးကေ(မြန်မာ-ဇေရက်)နှင့် ခရေဇီ(ဂျပန်)၊ ပြည်တွင်းငါးချီစိန်ခေါ်ပွဲသုံးပွဲနှင့် လေးချီစိန်ခေါ်ပွဲသုံးပွဲတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြိုင်ပွဲများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ နေ့စဉ်မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင်လူကြီး စာမေးပွဲဖြေဆိုရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ (ဟန္နိုင်းမြို့)တွင် ကျင်းပမည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘတ်စကက်ဘောဒိုင်လူကြီး စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် အတွက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒိုင်လူကြီးများဖြစ်ကြသည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စိုးစိုးလွင်နှင့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံမှ တပ်ကြပ်ဝင်းနိုင်ဖြိုး**(အပေါ်ပုံ)**တို့သည် ယနေ့ည ၇ နာရီတွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ဖာဘရီဂက်စ်ကို ခေါ်ယူရေး ဘာစီလိုနာနှင့် အာဆင်နယ်တို့ သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၁၁

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းမှ စပိန်လက်ရွေးစင်ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်ကို ခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ရာ ယခုအချိန်တွင် အောင်မြင်မှုရရှိခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။

ပြောင်းရွှေ့ကြေး

အသက်(၂၄)နှစ်ရှိ ဖာဘရီဂက်စ်ကို စုစုပေါင်း ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်းဖြင့် ခေါ်ယူစာချုပ်ရန် ဘာစီလိုနာနှင့် အာဆင်နယ်တို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။ ဖာဘရီဂက်စ်သည် ဘာစီလိုနာသို့ ပြောင်းရွှေ့မည်ဆိုပါက အာဆင်နယ်အသင်းထံမှ ၎င်းရရှိမည့် ဆုကြေးငွေ ၄ ဒသမ ၅ သန်းကို ဆုံးရှုံးမည်ဖြစ်သည်။

ဖာဘရီဂက်စ်သည် အသက် (၁၅)နှစ်အရွယ်ကပင် ဘာစီလိုနာကို စွန့်ခွာခဲ့သူဖြစ်ပြီး ယခုမိမိငယ်ဘဝက ကျင်လည်ခဲ့သည့် အသင်းဟောင်းသို့ ပြန်လည်ခြေချရတော့မည်ဖြစ်သည်။ နှစ်ကာလကြာမြင့်စွာ ဆုဖလားလက်မဲ့ဖြစ်နေသည့် အာဆင်နယ်ကို စွန့်ခွာပြီး စပိန်မြေသို့ ပြန်လိုသည့် ၎င်း၏ဆန္ဒများမှာလည်း ပြည့်ဝတော့မည်ဖြစ်သည်။ အာဆင်နယ်အသင်းအနေဖြင့် ဖာဘရီဂက်စ်အပြင် နာဆရီကိုလည်း လက်လွှတ်ရဖွယ်ရှိနေသည်။

ESPN

ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည့် ဖာဘရီဂက်စ်။

ဟန်သစ်

မန်ယူကစားသမားဘီဘီ ခြောက်လနားရတော့မည်

မန်ချက်စတာ ဩဂုတ် ၁၁

မန်ယူအသင်းမှ တောင်ပံကစားသမား ဘီဘီသည် ဘယ်ဘက်ဒူးအရွတ် စုတ်ပြဲဒဏ်ရာကြောင့် ခြောက်လခန့် အနားယူရတော့မည် ဖြစ်သည်။

အသက်(၂၁)နှစ်ရှိ ဘီဘီသည် ၂၀၁၀ ခုနှစ်နွေရာသီက ပေါ်တူဂီတတိယတန်းကလပ်မှ ပေါင် ၇ ဒသမ ၄ သန်းဖြင့် မန်ယူသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သို့သော်၎င်းသည် ပွဲအနည်းငယ်သာပါဝင်ကစားခွင့်ရရှိပြီး တူရကီကလပ်ဘစ်ဆစ်တက်စ်သို့ အငှားချထားခြင်းခံရသည်။

ဘီဘီသည် ပေါ်တူဂီ ယူ-၂၁ လက်ရွေးစင်အသင်းတွင် ပါဝင်ကစားရင်း အဆိုပါ ဒဏ်ရာကို ရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရပြီးနောက် ဆေးစစ်မှုများ အသေးစိတ်ပြုလုပ်ခဲ့ရာတွင် ဘီဘီသည် နောက်ထပ်ခြောက်လခန့် ဘောလုံးကစားခြင်းမှ အနားယူရမည်ဖြစ်သည်။

ESPN

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၁

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိန်ဂေဟာမိသားစု၏ ကမ္ဘာမြေချစ်သူများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၇ ရက် နံနက် ၈ နာရီတွင် မင်္ဂလာဒုံမြို့နယ် လှော်ကားသဘာဝဥယျာဉ်၌ ကျင်းပရာ စိန်ဂေဟာမိသားစုနှင့် ဝန်ထမ်းများက ကမ္ဘာမြေကြီးကျန်းမာဖို့ ကျွန်းပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။ **(ဝဲပုံ)** ကမ္ဘာမြေအနှံ့ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်များစွာကို ကာကွယ်ရင်း စိမ်းလန်းစိုပြည်လှပသည့် ကမ္ဘာမြေကြီးဖြစ်လာရန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများအပြင် လူမှုရေးလုပ်ငန်းများဖြစ်သည့် HIV ဝေဒနာရှင်များအား ကူညီစောင့်ရှောက်ခြင်းလုပ်ငန်း၊ မိဘမဲ့ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ဘုန်းတော်ကြီးသင်ပညာရေးထောက်ပံ့ခြင်းလုပ်ငန်းနှင့် ခိုကိုးရာမဲ့ဘိုးဘွားများ စောင့်ရှောက်ခြင်း လုပ်ငန်းများကို နှစ်စဉ် ရာသီအလိုက် ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

ဩဂုတ် ၁၀ ရက်က တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်း အသိပညာပေးဟောပြောစဉ်။ (၅၂၆)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

Bandage
Cotton Wool
Gauze Sponge
Gauze Roll
Alcohol Swab
First Aid Kit
Clean Delivery Kit

ဖြန့်ချိရေး - ဦးပိုအေး B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ (ပြင်ဦးလွင်)
ဖုန်း-၀၈၅ ၂၉၇၆၅၊ ၀၉ ၂၀၄၆၀၂၂

NEWS WATCH

SHOPPING GUIDE

ENGLISH

မူးယစ်ကင်းစင်
အလှဆင်

Pooh ၏
၁၂-၈-၂၀၁၁ ရက်
မွေးနေ့မှသည် နှစ်ပေါင်း
၁၀၀ တိုင်သို့ ....
ကိုကြီး

အမြန်ပြန်လာပါ

မောင်စောဘုန်းထွဋ် အထက(၃) ဒဂုံ အဌမတန်းသည် ၂၄-၇-၂၀၁၁ရက်က ပျောက်ဆုံးပါ၍ တွေ့ရှိပါက အမြန်အကြောင်းကြားပါရန်။

မိခင်-ဒေါ်အေးသန္တာအောင်
ဖုန်း-၀၉၄၉၅၇၁၂၉၉

စုပေါင်းသွေးလှူ

မြို့နယ်ကြက်ခြေနီအသင်း၏ ဦးဆောင်မှုဖြင့် မေတ္တာမွန် စေတနာရှင် ကရုဏာရှင် သွေးလှူအဖွဲ့၏ (၇) နှစ်ပြည့် အထိမ်းအမှတ် ဒုတိယအကြိမ် သွေးလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က ကျင်းပရာ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မေတ္တာမွန် စေတနာရှင် ကရုဏာရှင် သွေးလှူအဖွဲ့ ခေါင်းဆောင် ဦးလှိုင်မျိုးဆွေ၊ ဦးတင်မောင်ဝင်းနှင့် သွေးအလှူရှင် ၇၀ တို့ စုပေါင်းသွေးလှူဒါန်းစဉ်။ (၃၆၅)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သီလဝလမ်း တိုးချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းနိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံဝေဂဆရာတော် အရှင်ဦးသောမအမှူးထားပြီး ဂန္ထဝင်ရွှေပုဂံ Travels & Tours Company ၏ စီစဉ်မှုဖြင့် ရဟန်းသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ ၄၁ ဦး ပါဝင်သောအဖွဲ့ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီရိလင်္ကာ နိုင်ငံ ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်ပွဲတော်နှင့် အနုရာဓပူရမြို့၏ ဗောဓိညောင်ပင်အား ဖူးမြော်ကြည်ညိုရန်နှင့် သီရိလင်္ကာနိုင်ငံအနှံ့ လှည့်လည်ရန် ဂန္ထဝင်ရွှေပုဂံမှ တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်ကြစဉ်။ (ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ အခြေခံပညာ အထက်တန်း ကျောင်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘ ဆရာ အသင်း နှစ်ပတ် လည် အစည်း အဝေး နှင့် ဆုပေးပွဲ အခမ်း အနား ကို ကညွတ်ကွင်း အထက (ရွာလယ်) ခန်းမ၌ ဩဂုတ် ၃ ရက်တွင် ကျင်းပရာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည် ဆုချီးမြှင့်စဉ်။ (၅၂၁)

အထက(၁) သန်လျင် ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် အလှူရှင် မိဘ ဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဩဂုတ် ၁၁ ရက်တွင် ကျောင်းသား၊ ကျောင်းသူများအား ဘဲသားဆန်ပြုတ် အာဟာရ ကျွေးမွေးလှူဒါန်းရာ အဖွဲ့နာယက ဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမြင့်တို့ ကြည့်ရှုအားပေးစဉ်။ (၅၂၇)

ငါးသိုင်းချောင်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့က အောင်ဆန်းဈေး ရေမြောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးသန့်ရှင်းရေးဆောင်ရွက်နေမှုကို မြို့နယ်ခွဲတာဝန်ခံ ဦးရဲထွန်းဦး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ပအလုပ်သမားများ ချောမောစွာ ပြန်ရောက်ပြီး ပြန်လည်ပေါင်းစည်းရေးနှင့် မိသားစုလွှဲပို့ငွေများ အခက်အခဲမရှိ လျင်မြန်ချောမွေ့စွာ လွှဲပို့နိုင်ရေး ဆောင်ရွက်

ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

ယနေ့အစည်းအဝေးသည် နိုင်ငံတော်သမ္မတကြီး၏ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သော အဖွင့်မိန့်ခွန်းတွင်ပါရှိသည့်အတိုင်း ပြည်တွင်း၌ရှိသော အလုပ်သမားများ၏ အခွင့်အရေးသာမက ပြည်ပတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ ရရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရန် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အသစ်ဖွဲ့စည်းပေးခဲ့သော ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များတွင် အလုပ်သမားဝန်ကြီးဌာနက အလုပ်သမား ရွေးချယ်စေလွှတ်ခြင်းကိစ္စ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက သင်္ဘောသား ရွေးချယ်စေလွှတ်ခြင်းကိစ္စ၊ ပြည်ထဲရေးဝန်ကြီးဌာနက အလုပ်လုပ်ကိုင်ရန် လျှောက်ထားမှုစိစစ်ခြင်းကိစ္စများ ပါဝင်လာပါကြောင်း၊ အဆိုပါ တာဝန်များအပြင် ပြည်ပရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေးသည် အပြည်ပြည်ဆိုင်ရာက ကျင့်သုံးဆောင်ရွက်မှုများနှင့် အာဆီယံ စီဘူး ကြေညာစာတမ်း (Cebu Declaration) တို့နှင့်အညီ အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီကို အထောက်အကူပြုနိုင်ရန် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတို့ကို ဆက်လက်ဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲ တွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**✳

ဆာဖာရီဥယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဥယျာဉ်များ၌ မွေးမြူပြသရန် တောင်အာဖရိကမှ ရှားပါးတိရစ္ဆာန်များ စင်းလုံးငှားလေယာဉ်ဖြင့် ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ ဆာဖာရီဥယျာဉ်(နေပြည်တော်)နှင့် တိရစ္ဆာန်ဥယျာဉ်တို့တွင် မွေးမြူပြသရန်အတွက် တောင်အာဖရိကနိုင်ငံမှ မှာယူထားသော ရှားပါးတိရစ္ဆာန် ၁၀ မျိုး ၅၈ ကောင်သည် ဩဂုတ် ၉ ရက် နံနက် ၈ နာရီတွင် စင်းလုံးငှား ဘိုးအင်းလေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာသည်။

မှာယူတင်သွင်းထားသောတိရစ္ဆာန်များမှာ ခြသေ့်ဖြူ ခြောက်ကောင်၊ ခြသေ့်ညို လေးကောင်၊ ကျားဖြူ နှစ်ကောင်၊ ကျားဝါ လေးကောင်၊ သစ်ကုလားအုတ် ခြောက်ကောင်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**✤

မုတ်သုံးဖွယ်ရာ မိုးရေချိန်များ (၁၁-၈-၂၀၁၁)

လောင်းလုံ	၉	ဒသမ	၈၄	လက်မ
ထားဝယ်	၅	ဒသမ	၅၆	လက်မ
ကျိုက္ခမီ	၅	ဒသမ	၃၁	လက်မ
ရေး	၄	ဒသမ	၈၁	လက်မ